www.burmeseclassic.com

# ရှည်ရှည် နှင့် တိုတို

မောင်ထင်

BURMESE CLASSIC .com

ကဆုန်၊ နယုန် မိုးသံကြားပြီဆိုလျှင် လယ်ငှားစာချုပ်ချုပ်ရန် ကိုရာပျိုတို့လင်မယား မြို့သို့တက်လာလေ့ရှိပါသည်။

လယ်ငှားစာချုပ် ချုပ်ပြီဆိုလျှင် ကိုရာပျိုက လက်မှတ်ကိုသာ ထိုးရသည်။ သူ့မိန်းမကား သည်နှစ်စပါး ပိုးကျ၍ လယ်ခကို ဘယ်ရွေ့ဘယ်မျှ လျှော့ပေါ့သင့်ပါသည်၊ ကျွဲခကိုတော့ အပြေမပေးပါရစေနှင့်ဦး၊ စပါးပေးကိုမူ အပြေဆပ်ပါမည်၊ သို့သော် ရှစ်ဆယ်ဈေးတော့ မထားပါနှင့်၊ ဒီနှစ်စပါးဈေးကောင်းတော့ တစ်ပိဿာဈေးထားပါ။ ဆရာကတော်ဆီက သရက်ထည်ဖိုးကလေးကိုတော့ စပါးဦးပေါ်မှပဲ အပြေဆပ်ပါရစေ၊ ယခုလယ်ထဲဆင်းခါနီးမှာ ကိုရာပျို ပုဆိုးဆီးစရာမရှိသဖြင့် ဆီစိမ်ပုဆိုးတစ်ထည်ကို အကြွေးယူလိုပါသေးသည်၊ အဲဒီပုဆိုးဖိုးကိုလည်း ထမီဖိုးနှင့်မှ တစ်ပါးတည်း ပြေလည်အောင် ဆပ်ပါမည်၊ တရုပ်ဆိုင်မှာ ရွှေကျင်ဆေးတစ်ပိုလောက် အကြွေးယူပေးပါဦး စသည်ဖြင့် လယ်မှုကိစ္စ၊ ကြွေးမြီကိစ္စ အဝဝတို့ကို စကားပြောသည်။ မိန်းမ၏ အာဝဇ္ဇာန်းကိုထောက်၍ လုပ်ငန်း၌ သူမပါလျှင် ဘာမျှမပြီးနိုင်သည်ကို သိသာသည်။ ဤမှ တစ်ဆင့်တွေးရလျှင် ကိုရာပျိုမှာ ယောကျ်ားဟူသာ ဆိုရငြားလည်း အရာရာလေမျိုး၌ သူ့မိန်းမသာလျှင် အခရာဖြစ်ပေသည်။

ကိုရာပျိုသည် အသားလတ်သည်၊ လူလုံးလူဖန်သေးသွယ်သော်လည်း တောင့်တင်းသည်။ အရပ်အမောင်းမှာ ရှိသမျှ လယ်သမားထဲတွင် သူကလက်လေးသစ်လောက် ပို၍မြင့်သည်။ သျှောင်တစောင်း အမြဲထုံးသည်။ စကားပြောလျှင် စဉ်းစားရင်းနှင့် အချိန်ကုန်တတ်သည်။ ဘာမဆို သူ့ကိစ္စကို သူမဆုံးဖြတ်တတ်၊ မိန်းမက ပြောမှ ပြီးပြတ်သည်။

လယ်သမားအများထဲတွင် ကိုရာပျိုသည် ရုပ်ရည်အတော်သန့်သည်။ လူကြည့်လိုက်လျှင် ခါးကလေးကန့်နဲ့နှင့်မို့ အလုပ်ကြမ်းလုပ်နိုင်ပါ့မလားဟု အောက်မေ့ရသည်။ သို့သော် အလုပ်ခွင်၌ မခိုမကပ် ကြိုးစားသည်။ ထို့ကြောင့် သူ့အား လယ်သီးစားချသော လယ်တွင် သူများ တစ်ဧကကို သုံးဆယ်ထွက်အောင်လုပ်သည်ဆိုလျှင် သူက အဖျင်းဆုံး သုံးဆယ့်ငါးတင်းထွက်အောင် လုပ်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ်၏ဖခင်မှာ ကိုရာပျိုကို အသည်းစွဲဖြစ်လေရာ ကိုရာပျို မိန်းမက မည်မျှပင် ကပ်သီးကပ်သပ်နိုင်စေကာမူ ပြုံးပြုံးပြုံးပြုံးနှင့် အလျှော့ပေးသည်။

ကိုရာပျိုမိန်းမနာမည်ကို ကျွန်တော်ကောင်းစွာမမှတ်မိတော့ပါ။ မစိန်နှစ်ဟု ခေါ်သည်ထင့်။ မစိန်နှစ်မှာ ငါးကျည်းခြောက် ကျပ်တိုက်ထားသော ရုပ်မျိုးရှိသည်။ ကိုရာပျိုနှင့်ယှဉ်လိုက်လျှင် ဗျိုင်းခြေတံရှည်၏ဘေးတွင် လာနားသော တင်ကျီးငှက်နှင့် သဏ္ဍာန်တူလှ၏။ ကွမ်းအမြဲဝါးသဖြင့် သွားမှာ ညိုပုပ်ပုပ်ရှိသည်။ ဆံပင်မှ ဆီချေးတို့သည် မွဲခြောက်သော ကုပ်ပေါ်၌ ရွှဲ၍နေရာ ဂေါ်ရင်ဂျီကုလား မွေးကင်းစကို ဆီသုပ်၍ မီးကပ်ပေါ် တင်လှိမ့်ထားသည့် ရုပ်မျိုးနှင့် တူလှသည်။

သို့သော် ထိုလင်မယားကို ရှေ့သွားနောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မညီဟု အသူဆိုဝံ့အံ့နည်း။မယားရှေ့ကသွားလျှင် လင်က နောက်က တကောက်ကောက်လိုက်ရသည်မဟုတ်လော။

လယ်ငှားစာချုပ် ချုပ်တိုင်းချုပ်တိုင်း ကျွန်တော် သည် သူတို့လင်မယားကို အကဲခတ်ကြည့်မိသည်။ ကို ရာပျိုက သူ့လိုဘရှိရာကို ဘာပဲပြောပြော မစိန်နှစ်က တစ် ချက်ဝင်တောလိုက်လျှင် ကိုရာပျိုမှာ သူ့လိုဘ ဘာလဲဆို တာကို မပြောတတ်တော့ပြီ။ ကိုရာပျိုက သူ့၌ လိုဘ ဘာ မျှမရှိဟုဆိုစေကာမူ မစိန်နှစ်က ဝင်၍ထောက်လိုက်လျှင် သူသည် သူဘာကိုလိုချင်သည်ဆိုသဟာကို စကားတစ် ခွန်းလျှင် တစ်ထောက်တစ်ထောက်နားရင်း တောက် လျှောက်ကြီး ပြောချနိုင်ပါသည်။ ထိုသို့သော အခါမျိုး၌ ကျွန်တော် စောင့်ကြည့်၍ မြင်ရသော ထူးခြားချက်မှာ မစိန် နှစ်၏ တောက်ပသော မျက်လုံးများဖြစ်၏။ ထိုမျက်လုံး နှစ်စုံတို့သည်ပင်လျှင် ကိုရာပျိုအား "ဓိုးဟဲ့နွား" ဟု နှင် လျက်ရှိသည်ဟူ၍ ကျွန်တော်ယူဆမိသည်။ ကိုရာပျိုက တောင်စဉ်ရေမရတို့ကို အအထစ်ထစ်နှင့် ရေရွတ်နေသည့် အခါ မစိန်နှစ်၏ မျက်လုံးတစ်ချက်လောက် ဝင့်လိုက်လျှင် ကျွန်ုပ်တို့၏ မိတ်ဆွေ ကိုရာပျို၏ သျှောင်တစောင်းက လေးမှာ ပု၍ဝင်သွားသည်။

ထိုအကြောင်းများကြောင့် ကျွန်တော်၏ မိခင်ဖခင် တို့သည် လယ်ကိစ္စနှင့်တကွ ကိုယ်ရေးကိုယ်တာ ဟူသမျှ တို့တွင် မစိန်နှစ်နှင့်သာ စခန်းသွားသည်။ လင်ကိုနိုင်သော မယားဟူ၍ အမှတ်မထားချေ။ နိုင်သင့်သောကြောင့် နိုင် ခြင်းဖြစ်လေရာ ကိုရာပျိုတည်းဟူသော လူငနွား၏ နဖား ကြိုးကို မစိန်နှစ်တည်းဟူသော ကျွဲကျောင်းသူကလေးက မှ ကျကျနန ကိုင်မပေးလျှင် သည်ငနွား ဘယ်ပါးစပ်နှင့် မြက်ကို ဝါးရပဲ့မတုန်း။

တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ် စသဖြင့် ကိုရာပျို တို့ လင်မယားသည် ကျွန်ုပ်တို့၏ လယ်ကို အငှားခံကြ သည်။ စာချုပ်အသစ်ချုပ်တိုင်း သူတို့နှင့် ကျွန်တော်မှာ ဆုံခဲ့ကြရသည်။ သို့သော် သည်တစ်ခါ ကျောင်းပိတ်ရက် အတွင်း ကိုရာပျိုလင်မယားစုံတွဲသည် မြို့သို့ တက်မလာ ကြပေ။ အမှန်မှာ ကိုရာပျိုတော့ လာပါ၏။ ကျွန်တော် ကျောင်းပြန်ရမည့်နေ့မတိုင်မီကမှ သူရောက်လာသည်။ သည်တစ်ခါ စာချုပ်ချုပ်တာ ပြီးစီးလွယ်လှပါသည်။ မစိန် နှစ် မှာလိုက်သည့်အတိုင်း ဖခင်ဖြစ်သူက လိုက်လျောသည့် အပြင် မစိန်နှစ်မရှိ၍ သူ့ယောကျ်ား မလည်မဝယ်ကို သူ ငယ်နှပ်စားလုပ်သည်ဟု အများကမလိုလျှင် မလိုသလို ပြောနိုင်အောင် မနှစ်ကကျန်သော ကျွဲခများကိုပင် လျှော်ပစ် လိုက်ပါသေး၏။

စာချုပ်ပြီးသော် ကိုရာပျိုသည် ကျွန်တော့်မိခင်နှင့် ဘယဆေးများအကြောင်း စုံစမ်းမေးမြန်းနေပါသည်။

"စပါးလှေ့ပြီးတဲ့အချိန်ကစပြီး တပိန်ပိန် တလိမ်လိမ် နဲ့ ဘာဖြစ်နေသလဲမသိပါဘူး၊ သွေးဝမ်းကလည်း ခဏ ခဏကျတယ် ဆရာကတော်ရဲ့" ဟူ၍ ကိုရာပျိုက ကျွန် တော့်မိခင်ကို ပြောနေသည်။

"မီးယပ်ဝမ်းပေါ့ကွယ်"ဟု ကျွန်တော့်မိခင်က ဆို၏။

"အဲ...အဲ ဟုတ်တယ်။ မီးယပ်ဝမ်းပါပဲ။ လူလည်း အရိုးပေါ်အရေတင် ကျန်တော့တယ်။ စိန်နှစ်တော့ ဒီတောင် ကမှ ကျော်နိုင်ပါ့မလား မသိပါဘူး ဆရာကတော်ရယ်"

ကိုရာပျို ငိုများငိုလိုက်လေသလား။ သူ့အသံက ပြောရင်းပြောရင်း ပျော့သွားသည်။

နွေကျောင်းပိတ်ရက် ကုန်သောအခါ ကျွန်တော် သည် ကျောင်းသို့ပြန်ပြီးလျှင် သီတင်းကျွတ်ပြန်တော့ အိမ် သို့ပြန်လာရပြန်သည်။

အိမ်ရောက်သောအခါ အိမ်ဦးခန်းတွင် ကျွန်တော့် ဖခင်နှင့် ကိုရာပျိုတို့သည် စားပွဲတင်မှန်အိမ်ကလေးကို ရှေ့ ချကာ ကကူရန်ခြောက်နှင့် လက်ဖက်ရည်ကြမ်းကိုမြည်း ရင်း စကားမပြောဘဲ တွေဝေနေကြသည်။ သူတို့အကဲကို ခတ်ကြည့်လိုက်သော် မစိန်နှစ်တစ်ယောက် ရှိမှရှိသေး၏ လောဟု စဉ်းစားစရာဖြစ်ပေါ်လာသည်။

ကူလီများသည် ကျွန်တော်၏ အိပ်ရာလိပ်နှင့်တကွ ထင်းရှူးပုံး စာအုပ်သေတ္တာကြီးကို နေရာချပြီးသော် ကျွန် တော့်ကို ကူလီခတောင်းလေသည်။

"ဟောဒီမှာ ကူလီခတဲ့" ဟု ကျွန်တော်က မိခင်ကို လှမ်းပြောသည်။

"တကတဲတော်၊ ပြန်စရိတ်အပြင် နောက်ထပ်ငွေ မလောက်ဘူးဆိုလို့ ငွေငါးဆယ်ထပ်ပို့လိုက်ရတဲ့ဥစ္စာ ကိုယ့်ကူလီခမှ ကိုယ်မပေးနိုင်ဘူးလား" ဟု မိခင်က ဇျစ် တောက်ဇျစ်တောက်နှင့် ငြီးသည်။

"အမယ်လေးကွယ်။ ထုံးစံပဲဟာ စကားထဲ ထည့် ထည့်ပြောမနေစမ်းပါနဲ့တော့။ ကျောင်းပြန်တိုင်းမှာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကများ ကူလီခ ကျန်ဖူးလို့တုန်း” ဟု ဖခင်ဖြစ်သူက ထောက်လိုက်သည်။

ဤသို့ပြောပြီးသော် ကျွန်တော့်ဖခင်သည် မိခင်အနီးသို့ တိုးကပ်၍ “မင့်သားကိစ္စကို ထားစမ်းပါဦး၊ ဟောဒီ ကိုရာပျိုကိစ္စကို ကြည့်ပြီးနေရာချစမ်းပါ။ ငါတော့မလုပ်တတ်ဘူး” ဟု ပြောလိုက်ပြန်သည်။

ကိုရာပျိုသည် ငိုင်မြဲတိုင်းငိုင်နေသည်။ မိခင်သည် သူထိုင်နေရာသို့သွား၍ “ဘာဖြစ်လာတာလဲ၊ စိန်နှစ်ရှိသေးတယ်မဟုတ်လား” ဟု မေးသည်။ အဖြစ်သနစ်ကို နားမလည်ရှာသေးသော ကျွန်တော်၏မိခင်မှာ ရင်လေးလေးနှင့် အရဲစွန့်၍ မေးရသည်။

ကိုရာပျိုမှာ ဒူးနှစ်လုံးကို လက်နှစ်ဖက်နှင့်ဆွဲ၍ မှန်အိမ်မှ မီးတောက်ကို ဝေနေသော မျက်လုံးဖြင့် စိုက်ကြည့်ရင်း “ရှိပါသေးတယ်၊ ဒါပေမဲ့ ဆရာကတော်ရဲ့ ဒီလိုခင်ဗျာ” ဟု သူတို့လင်မယားအကြောင်းကို နိဒါန်းသွယ်လေ၏။

လင်မယား ရန်ဖြစ်ပြီထင်တယ်။ အင်း မိန်းမက လင်ကို နိုင်ချင်ဦးတော့ နေရာတကာတိုင်း နိုင်လို့ ဘယ်ဖြစ်မလဲ။ ဟာ– မဟုတ်သေးပါဘူး။ ကိုရာပျိုလို လူမျိုးကိုတော့ မစိန်နှစ်က နိုင်ရမှာ မုချပဲ။ ဧကန္တ မစိန်နှစ်တော့ မနေရတော့ဘူးထင်ဘယ်။ ယင်းသို့တွေးမိပြီးလျှင် ကျွန်တော်သည် သူတို့နှစ်ဦး မကြားတကြားပြောနေသော အိမ်ဦးခန်းသို့ တစ်လှမ်းချင်းတိုးသွားပြီးလျှင် နားကိုစွင့်လိုက်ပါသည်။

“ဟုတ်တယ် စိန်နှစ်တော့ မနေရတော့ဘူး။ သူကတော့ သူ့ဟာသူ သိတာကိုး။ ဒါကြောင့် ပြောပါရစေတော့ ဆရာကတော်ရယ်။ ကျွန်တော်လုပ်တဲ့ လယ်ကွင်းထဲက စာရင်းငှား ကြွေယ်ရဲ့ တူမကို ဆရာကတော် မြင်ဖူးမှာပေါ့” ဟူ၍ ကိုရာပျိုက စကားစလိုက်သည်။

“မြင်ဖူးသားပဲ” ဟု ကျွန်တော့်မိခင်က ပြန်ဖြေသည်။

“အဲဒါ ကျွန်တော် ဟိုဒင်းလေ အဲဒီကောင်မကလေးက စိန်နှစ်ကို ပြုစုလာတာ ဟိုနှစ်နွေကပါပဲ။ ဟတ္ထာ–အဲဒီဥစ္စာကို ဟိုသင်းပြု...”

“အမယ်...လေး...လေး... ကိုရာပျိုနှယ်။ အဲဒီကောင်မကလေးကို နောက်ထပ်ဆက်ချင်လို့ မဟုတ်လား”

“မဟုတ်ပါဘူး ဆရာကတော်ရယ်။ ကျွန်တော်က ဆက်ချင်တာ မဟုတ်ဘူး။ စိန်နှစ်က ဒီကောင်မကလေးရဲ့ အပြုအစုကိုခံရတော့ သူ့ကိုသိပ်ပြီး သဘောကျနေတယ်။ အခုတော့ သူက သူလူ့ပြည်မှာ ကြာကြာနေရတော့မယ် မထင်ဘူးတဲ့”

ကိုရာပျိုသည် ရင်မှတက်လာသော ရှိုက်လုံးကြီးကို လက်ဖက်ရည်ကြမ်းနှင့်ရောပြီး မျိုချလိုက်သည်ထင်သည်။ လည်ချောင်းမှ ဂလုပ်ဂလုပ်သံများ ပြို၍ထွက်လာသည်။

ကျွန်တော်၏ မိခင်လည်း စိတ်မရှည်နိုင်သော အမူအရာကိုပြ၍ ချုပ်တည်းထားလိုက်၏။

“အမလေးကွယ်... အားငယ်စရာ မဟုတ်ပါဘူး။ စိန်နှစ်ဟာ ဒီရောဂါနဲ့တော့ ပိုးစိုးပက်စက် မဖြစ်နိုင်ပါဘူး။ ယောကျ်ားက စိတ်တင်းမှပေါ့။ မင်းဒီလိုဖြစ်နေရင် စိန်နှစ်မှာ သာလို့ဆိုးမှာပေါ့ကွဲ့”

“မဟုတ်ဘူးဆရာကတော်။ သူ့ရောဂါအခြေအနေကို သူသာသိတာ။ သူက ‘မနေရတော့ဘူး’တဲ့။ ဒါကြောင့် ‘ကိုရာပျိုရယ်’တဲ့၊ ‘ရှင့်ကိုလည်း စိတ်မချရဘူးတဲ့’၊ ‘ရှင်လည်း အရွယ်ကောင်းတုန်းမို့ ကျွန်မသေပြီးလည်း အိမ်ထောင်ပြုဦးမှာပဲ’တဲ့။ ‘ဒီလိုပြုမယ့်အတူတူ ကြွေယ့်တူမဆိုတာ တခြားဟာလည်း မဟုတ်ပါဘူး’တဲ့။ ‘ဆွေရိပ်မျိုးရိပ်မကင်းတဲ့ဟာပါ’ တဲ့။ ဒီတော့ ပစ္စည်းပစ္စယ ကျန်ရစ်ခဲ့သမျှကို ထိန်းသိမ်းနိုင်အောင်ဆိုပြီး သူက ကျွန်တော့်ကို ဟတ္ထာ–ဒီကောင်မလေးနဲ့ ဟတ္ထာပြု အဟင်း...အဟင်း”

“ကောင်မကလေးကတော့ အတော်သားပဲ”

“ဟုတ်ကဲ့”

“ဒါတော့ စိန်နှစ်ကလည်း ရှိနေသေးတော့ တို့သဘောပြောလို့ ဘယ်ဖြစ်မလဲ”

“ဟုတ်ကဲ့”

“မင့်သဘောကကော”

“ကျွန်တော့်သဘောကတော့ ဆရာကတော် သိတဲ့အတိုင်းပဲ စိန်နှစ်က တော်တယ်ဆိုရင်...”

“အေးကွယ် မင့်သဘောကတော့ စိန်နှစ်က ထိုင်ဆိုထိုင်၊ ထဆိုထ၊ သေဆိုသေပေါ့”

ကိုရာပျို ခေါင်းငုံ့နေသည်။

“တို့သဘောတော့ ပြောလို့ဘယ်ဖြစ်မလဲကွဲ့။ ကိုရာပျိုပဲ စဉ်းစားပေါ့ ဟုတ်လား။ ဒါမျိုးဆိုတာ ပြင်လို့ရတဲ့ကိစ္စမဟုတ်ဘူး။ စိန်နှစ်ကိုလည်း ငါက တွေ့ရမြင်ရတာ မဟုတ်တော့ သူ့ရောဂါဟာ ဘယ်အထိကျွမ်းနေပြီဆိုတာတော့ မမှန်းတတ်ဘူး။ ဒီတော့ ကိုယ့်ဝမ်းနာ ကိုယ်သာသိ

www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ ဒီတော့ စိန်နှစ်က ကြည်ဖြူပြီဆိုရင်တော့ တို့ပြောလို့ အပိုပဲ"

"ကျွန်တော်ကတော့ ဆရာကြီးနဲ့ ဆရာကတော်တို့ဆိုရင် တိုင်ပင်သင့်တယ် ထင်လို့ပါပဲ"

"အင်း... အင်း တိုင်တော့ တိုင်ပင်သင့်တာပေါ့။ ဒါပေမဲ့ ဒီအရေးက မင့်အရေးပဲ။ စိန်နှစ်ကဲ့ ဩဇာဆိုတာလည်း တစ်သက်လုံးက မင့်အပေါ် ညောင်းလာတယ်။ ဒီလိုညောင်းလာသမျှကိုလည်း တို့အကဲခတ်ကြည့်သမျှတော့ မင်းတို့နှစ်ဦးစလုံး အကျိုးမဲ့တာရယ်လို့ မတွေ့ရသေးဘူး။ ဒီကိစ္စမှာ သူလည်း အမြော်အမြင်ရှိတဲ့ မိန်းမမို့လို့ မင့်စိတ်မချတာနဲ့ ဒီလိုစီမံရတာ ဖြစ်မှာပါပဲ"

အားလုံး သတ္တုချကြည့်သော် ကိုရာပျိုမှာကိုကြွယ်၏ တူမဆိုသည်ကို ဘယ်အခါကမျှ မပြစ်မှားခဲ့။ မစိန်နှစ်ကသာလျှင် သူ့ယောကျာ်း နားထူပါးထူကြီးကို လောကဌ တစ်ယောက်တည်း ထားခဲ့ရမယ့်ကိစ္စအတွက် စိတ်အချကြီး မချနိုင်သောကြောင့် မထနိုင်သော လူမမာဘဝမှနေ၍ သူ့လင်ကို အတင်းနေရာချခြင်း ဖြစ်သည်။ သည်အတိုင်းသာဆိုလျှင် သေရာကနေ၍ပင်လျှင် လင်တော်မောင့်အတွက် သူ့ကိုယ်စား မယားရှာပေးမည့်ပုံ ဖြစ်နေသည်။

"အေးလေ နောက်ဆုံးတော့ မင်းသာ ပဓာနပဲကွဲ့။ မင်းသာ ပဓာနပဲ"

ဤစကားကား ကိုရာပျိုကို ပေးလိုက်သော ကျွန်တော့်မိခင်၏ ဩဝါဒပင်ဖြစ်သည်။

ကျွန်တော်လည်း သီတင်းကျွတ် ကျောင်းပိတ်ရက်က ရက်တိုတိုနှင့်မို့ ကျောင်းသို့ပြန်ရပြန်သည်။ မပြန်မီအတောအတွင်း ကိုရာပျိုနှင့် မစိန်နှစ်တို့အကြောင်းပြော၍ ရယ်လည်းရယ်ရသည်။ ချီးလည်းချီးမွမ်းရသည်။ မိန်းမဆိုသဟာ အူတိုမျိုးပါကလားဟူသော ရှေးစကားမှာ တစ်ခါတစ်ခါ မှားတတ်သေး၏ဟူသော ဥပဒေသတစ်ရပ်ကိုလည်း အများက ကောက်ချက်ချနေကြသည်။ ချမည်ဆိုလည်း ချလောက်ပါ၏။ အကြောင်းကိုဆိုသော် ကျွန်တော်မပြန်မီတွင်ပင် ကိုရာပျိုသည် ကိုကြွယ်၏တူမနှင့် မင်္ဂလာဆောင်လိုက်သည်။ မစိန်နှစ်က အကျွေးအမွေး အခမ်းအနားနှင့် လုပ်ရမည်ဆိုသဖြင့် သူမသေမီ သူစိတ်ကောင်းအောင် လယ်တော၌ လယ်သမားတို့ဘဝ မုန့်လက်ကောက်ကျွေး၍ မင်္ဂလာဆောင်လိုက်သည်။ မင်္ဂလာဆောင်သည့်နေ့တွင် မစိန်နှစ်မှာ ဖုန်လိုက်ဖုတ်လိုက်နှင့်နေ၍ ကိုရာပျိုနှင့်တကွ သူ့မယားအသစ်စက်စက်တို့သည် မင်္ဂလာဆောင်မှာကမ်းသော ယပ်တောင်နှင့် မစိန်နှစ်ကို ယပ်ပေးရသည်ဟု သတင်းစကား ကြားသိရလေသည်။

ဤအကြောင်းအရာတို့ကို ဤမျှနှင့်ရပ်လျှင် ကောင်းမည်ထင်သည်။ အမှန်မှာ ကျောင်းပိတ်လျှင် အိမ်ပြန်သည့် အစဉ်အလာ မရှိခဲ့ပါမူ ကိုရာပျိုအကြောင်း ဤတွင်ရွေ့၍ တစ်ခန်းရပ်ရပေမည်။ သို့သော် ကျွန်တော့်မှာ ထုံးစံအတိုင်း တပေါင်း-တန်ခူး ကျောင်းပိတ်သည်နှင့် အိမ်ကိုပြန်ရပြန်သည်။ ထုံးစံအတိုင်း အိမ်ရောက်သော် မိခင်ထံမှ ပိုက်ဆံတောင်း၍ ကူလီခပေးရသည်။ ထုံးစံအတိုင်း လယ်ငှားစာချုပ်များ ချုပ်ဆိုရာ၌ ကူညီရသည်။

သို့ရာတွင် ထုံးစံအတိုင်း မဟုတ်သည်လည်း ရှိပါသေးသည်။ ဥပမာ- ထုံးစံအတိုင်း လာနေကျ ကိုရာပျိုတို့လင်မယား မပေါ်လာပါ။ အဲလေ-မစိန်နှစ်မှမရှိတော့ပဲ။ ဘယ်လာနိုင်ကြတော့မလဲ။ မဟုတ်သေးဘူးလေ မသကာဆိုရင် အများချစ်လောက်တဲ့ မယားအသစ်ဆံတောက်နဲ့ အလကားဖြစ်ဖြစ် တစ်ခေါက်တော့ မြို့ကို ရောက်ဖို့ မကောင်းပါလား။

စာချုပ်ပြီး၍ လယ်သမားနှင့် လယ်ငှားအများ ပြန်သွားကြသောအခါ ကျွန်တော်သည် အထက်ပါအတိုင်း စိတ်ကူးယဉ်မိသောကြောင့် ကိုရာပျိုတို့လင်မယား ဘာကြောင့် စာလာမချုပ်သည်ကို ဦးလေးအားမေးကြည့်မိသည်။

"ဟဲ... ဟဲ... လင်မယားနှစ်ယောက်ကြား ဗျာများတာပေါ့လကွာ"

ကျွန်တော့်ပါးစပ်အဟောင်းသားနှင့် ငေးနေမိပါသည်။ ဘယ့်နှယ်လဲ မစိန်နှစ်မသေမီက ကိုရာပျိုကို မိန်းမပေးစားသွားတာ နှစ်ယောက်တောင်မှ ပေးစားသွားလေရော့သလား။ သူသေပြီးမှတော့ သူ့လင်က တစ်ယောက်ပဲယူယူ၊ နှစ်ယောက်ပဲယူယူ ဘာမျှထူးခြားတော့မှာမဟုတ်။ ဒါပေမဲ့ မိန်းမများ အူရှည်မဲ့ ရှည်တော့လည်း နှစ်ယောက်စာအတွက် ရှည်နိုင်လွန်းလှချည့်။

ကျွန်တော့်ပါးစပ် အဟောင်းသားကိုကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာရှိသည့် ဒွိဟကို စဉ်းစားမိဟန်ရှိသော ကျွန်တော်၏ ဦးလေးတော်မှာ ကျွန်တော်၏သံသယကို

www.burmeseclassic.com



ဖျောက်လိုသောကြောင့် "ဟဲ…ဟဲ… မင်းက မသိသေးဘဲကိုးကွ။ အကြောင်းသိချင်ရင် ကိုဖိုးရိပ်ကိုသာ မေးကြည့်ပေတော့" ဟုပြောရင်း နှီးထိုးရန် ဓားတန်း၌ ဓားရှာသွားလေသည်။

ကိုဖိုးရိပ်ဆိုသူမှာ လူပြောင်၊ လူပျော်၊ လူပြက်တစ်ယောက် ဖြစ်သည်။ စကားပြောလျှင် ထစ်ထစ်နှင့် အမြဲတမ်း ဟားတိုက်နေလေ့ရှိသည်။ ဦးလေး၏စကားကို သူကြားသောအခါ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ရယ်မောလိုက်သည်။

"နေပါဦးဗျ… မစိန်နှစ်သေပြီးတော့ ကိုရာပျိုက မယားနှစ်ယောက်"

ကိုဖိုးရိပ်မှာ အရယ်ကိုရပ်၍ ပန်းနာရင်ကျပ်သောကြောင့် လည်ချောင်းတွင် တစ်နေသော ချောင်းခြောက်ကို တဟွတ်ဟွတ်နှင့်ဆိုးရင်း "စ…စ…စ…စိန်နှစ်က…မ…မ…မသေလို့…အဟွတ်…အဟွတ်…အဟွတ်…"

ဟင်… ဒီလိုလား၊ သူသေရမည်ထင်၍ သူ့လင်ကို သူနေရာချပြီးတဲ့နောက် သူ နာလန်ထူလာလျက်ကယ်နှင့် သူ့လင်ရဲ့မယားအသစ် ဆံတောက်ကလေးကို သူကြည့်ဖြုနိုင်သည်ဆိုလျှင် သည်မိန်းမလို မိန်းမမျိုးကို ထမင်းထုပ်နှင့် လိုက်ရှာတောင်မှ သည်ဇမ္ဗူမပြောနှင့် ဟိုဇမ္ဗူမှာတောင် တွေ့နိုင်မည် မဟုတ်ပေဘူး။

"ဟား…ဟား…ဟား…အဟွတ်…အဟွတ်…အဟွတ် စိန်နှစ်က မသေတော့ ငါ့–ငါ့–ငါ့–ငါ့လခွေး–သ–သ–သ–သ…"

စကားအကွက်ကောင်းဆိုက်မည့်ကျန်လျှင် ကိုဖိုးရိပ်စကားပို၍ ထစ်သည်။ သူသိပ်ပြီး စကားထစ်လျှင်လည်း တော်တော်ကြောက်စရာကောင်းသည်။ သို့သော် သူထစ်နေသော စကားကို ကျွန်တော်သိပါသည်။ စိန်နှစ်မသေတော့ သိပ်ခက်တာပေါ့။ အင်း… ဘူစကားထစ်ထစ်ပြောတတ်သလို ကျွန်တော်လည်း ပြန်မပြောတတ်ပါ။ သူပြောသမျှကို အရင်းစစ်လိုက်လျှင် ဤသို့ဖြစ်ပါသည်။

ကိုဖိုးရိပ်သည် ကျွန်တော်၏ဖခင် စေခိုင်းချက်ဖြင့် ကိုရာပျိုတို့ လယ်ထဲသို့သွား၍ စပါးသိမ်းပါသည်။ ကိုဖိုးရိပ်၏ ဝါသနာမှာ နောက်တီးနောက်တောက် ဝါသနာဖြစ်သည်။ ကိုရာပျိုတို့လင်မယားသုံးယောက်၏သတင်းမှာ ဟိုးလေးတကျော်ဖြစ်နေရာ ကိုဖိုးရိပ်အတွက် ဟာဒယရွှင်ဆေးသဖွယ် ဖြစ်သည်။ မစိန်နှစ်နှင့်လည်း အတော် ခင်မင်ရင်းနှီးသဖြင့် တော်တော်နောက်လို့ကောင်းမည်။ သို့သော် ကိုရာပျိုတို့လယ်ထဲသို့ ရောက်သောအခါ ကိုဖိုးရိပ်မှာ နောက်ပြောင်ဖို့ဝေးစွ။ နားရွက်ပင် မခတ်ဝံ့တော့ပြီ။

"စ–စ–စ–စိန်နှစ်ဟာလကွာ၊ င–င–င–င–ငါးဖောင်ရိုးခြောက် ကျနေတာပဲ"

ကိုဖိုးရိပ်၏စကားအရ ငါးဖောင်ရိုးခြောက်ပမာတမျှ ချုံးချာပိန်ချုံးလှသော မစိန်နှစ်၏ခန္ဓာကိုယ်ထဲ၌ ဇီဝိတအသက် တွဲဖက်၍နေသည်ကိုပင်လျှင် ကိုဖိုးရိပ် အံ့သြ၍မဆုံးနိုင်။ တကယ်လို့ နောက်လိုက်လျှင် ဖုတ်လိုက်ဖုတ်လိုက် အသက်ကလေးသည် ထွက်ပြေးလေမလား။

ထို့ကြောင့် ကိုဖိုးရိပ် နားရွက်မခတ်ခြင်းပင်ဖြစ်သည်။ သို့သော် ထိုညအဖို့၌ ကိုဖိုးရိပ်သည် သူ၏အကျင့်ကို မဖျောက်နိုင်။

ကိုရာပျို၏တဲမှာ လယ်တဲဟုဆိုသော်လည်း အကျအနဆောက်ထားသော တလိုင်းအိမ်ငယ်ဖြစ်သည်။ ဖိနပ်ချွတ်မှ လှမ်းတက်လျှင် အိမ်တစ်ပိုင်း၏ ကြမ်းပြင်ပေါ်သို့ရောက်သည်။ ထိုကြမ်းပြင် ခြေရင်းဘက်၌ အိမ်အပေါ်ထပ်အထပ်ခိုးကိုတက်ရန်လှေကားရှိသည်။ ထိုအထပ်ခိုး၌ လင်မယားသုံးယောက် အိပ်ကြသည်။ အိမ်တစ်ပိုင်းကြမ်းပြင်ကား ထမင်းစားခန်းလည်းဟူ၏၊ ဧည့်ခန်းလည်းဟူ၏၊ ဘုရားခန်းလည်းဟူ၏၊ ဝမ်းစာစပါးထားရာ အခန်းလည်းဟူ၏။ ကိုဖိုးရိပ်မှာ ဘုရားစင်ရှေ့က ဝမ်းစာစပါးလှောင်သော ထင်းရှူးသေတ္တာနှစ်လုံးဆက်အပေါ်တွင် အိပ်သည်။ လူခြေတိတ်ဆိတ်သောအချိန်တွင် အများတကာအိပ်နေကြပြီဆိုသော်လည်း ကိုဖိုးရိပ်သည် မအိပ်သေး။ သူ့နေရာကနေကြည့်လျှင် ဓနိထရံအပေါက်ငယ်များအကြားမှ ရေနံဆီမီးခွက်၏အရောင်သည် အပြင်သို့လု၍ထွက်နေသည်။ ထိုမီးရောင်ကလေးက ကိုဖိုးရိပ်၏ အကျင့်ကို မြှောက်ပင့်၍ပေးနေသည့်အထဲတွင် အခန်းထဲမှ ဘာသံလိုလိုကြားသည်။ ကိုဖိုးရိပ်က နားစွင့်လိုက်သည်။ ဧကန္တပါပဲ။ ဟုတ်ပါပြီ။ သို့ပေမင့် ထရံပေါက်ကိုဖြဲ၍ ကြည့်နေသော မီးရောင်တန်းကလေးမှာ အငြိမ်မနေပါ။ မြင့်ချည်နိမ့်ချည်၊ ဘယ်ဘက်ယိမ်းချည်၊ ညာဘက်ယိမ်းချည်။ ထိုအတွင်း တစ်စုံတစ်ယောက်က ဖင်ရွှေ့သွားသည့် အသံလိုလို ကြားရသည်။ ဟုတ်ပြီ၊ဟုတ်ပြီ မီးခွက်ကိုကိုင်ပြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက် ဖင်ရွှေ့သွားနေတာကတော့ ဟုတ်ပြီ။ ဟင်း... ဆိုတဲ့အသံက ဘာသံလဲ။ ညွတ်ပက်၊ ညွတ်ပက်နှင့် အသံကတော့ တစ်ဖက်ထောင့်က လာတဲ့အသံပဲ။

ထို့နောက် မီးရောင်ပျောက်သွားသည်။ သို့သော် မီးငြိမ်းသွားသည်မဟုတ်သေး။ ခေါင်မိုးပေါ်၌ မီးရိပ်ကစားလျက်ပင် ရှိသေးသည်။ ဧကန္တ ကိုဖိုးရိပ်ဘက်က ထရံနှင့်အခန်းတွင်းက မီးခွက်အကြားတွင် တစ်စုံတစ်ယောက်ကွယ်လျက်ရှိမည်။

ကိုဖိုးရိပ်သည် ထရံပေါက်ကိုမှန်း၍ မျက်စိတစ်လုံးကို စွေပြီးလျှင် ကပ်ထားလိုက်သည်။ ထိုမျက်စိမှာ ထရံကိုတောက်တဲ့ကပ် ကပ်၍နေလေ၏။

အခန်းထဲ၌ မီးရောင်သည် ကတ္တီပါသွေးကို ပက်ဖြန်း၍နေသည်။ ကိုရာပျို့သည် သူ့မယားအသစ်ကလေး၏အပါးတွင် ဒူးထောက်၍နေသည်။ သူ့မယားအသစ်ကလေးမှာ မီးရောင်ကြောင့် မျက်နှာကို မှောင်ဘက်သို့ တစောင်းလှည့်ထားသည်။ မီးရောင်ကိုမူ တစ်စုံတစ်ယောက်သောသူက ကွယ်ထားသည်။ မှန်၏။ ဘယ်သူများပါလိမ့်။

မီးရောင်သည် ကိုရာပျို့၏နံပါးသို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။ မီးရောင်နှင့် ကိုရာပျို့၏အကြားမှ လူရိပ်သည်လည်း ဘယ်ပခုံးနိမ့်ချည်၊ ညာပခုံးနိမ့်ချည်နှင့် ကိုဖိုးရိပ်မျက်စိနှင့်ဝေး၍ဝေး၍ ကိုရာပျို့ ဒူးထောက်နေသည့်ဘက်သို့ နီး၍ နီး၍ လာသည်။

ကိုရာပျို့သည် မီးရောင်ဘက်သို့ မျက်နှာလှည့်လိုက်သည်။ သူ့မျက်နှာမှာ ရှက်အမ်းအမ်း၍နေသော်လည်း "မထူးတော့ပါဘူးလေ" ဟူသော သဘောကို သရုပ်ဖော်နေဘိသကဲ့သို့။ သို့သော်... တစ်ချက်လောက် မျက်နှာကလေး ရှုံ့လိုက်ပုံက "စိန်နှစ်ရယ် ဖိမ်ပျက်လှချည်ရဲ့" ဟု ဆိုလိုက်သလိုလို။ သို့သော် ဘယ်သူဘယ်သို့ပြောပြော ကိုရာပျို့နှင့် သူ၏နှစ်ခမြောက်သောဇနီးသည်တို့မှာ ထိုမီးရောင်ကို ကျင့်သားရနေကြပုံလက္ခဏာရှိ၏။

"အဲ...အဲ...စိန်နှစ်မှ စိန်နှစ် အစစ်ကိုးကွ"

"ဟာ...ဟာ...ဒီတစ်ခါ ကိုဖိုးရိပ်စကားပြောတာ မထစ်ပါကလား"

"စ–စ–စ–စိန်နှစ်က မ–မ–မ–မီးခွက်ကြီးမြှောက်ပြီး ခြေရင်းဘက်မှာ ဆောင့်–ဆောင့်–ဆောင့်–ဆောင့်ကြောင့်ထိုင်လိုက်တော့မှ သ–သ–သ–သူ့မျက်လုံးကို ငါမြ–မြ–မြင်ရတာကိုးကွ"

မစိန်နှစ်၏ မျက်လုံးသည် အရောင်တောက်ပပါသည်။ အရှိန်အဝါရှိပါသည်။ သည်မျက်လုံး တစ်ချက်ဝင့်လိုက်လျှင် ကိုရာပျို့ဆိုသူ ပြာလောင်ခတ်ရသည် မဟုတ်လော။ သည်မျက်လုံးက "သေဦးဟဲ့"ဆိုလျှင် ကိုရာပျို့၏အသက် ဘယ်ရောက်သွားမှန်းမသိ။ သည်မျက်လုံးက ရှင်ဦးဟဲ့ဆိုလျှင် ကိုရာပျို့ သေရာက ငေါက်ခနဲ ထထိုင်ရသည်။

"ဟာ–ဟာ–ဟာ–မ–မ–မီးခွက်ကြီးမြှောက်ပြီး ရာပျို့တို့လ–လ–လ–လင်မယားကို စ–စ–စ–စိန်နှစ်က ကြည့်ရင်း မျ–မျ–မျက်ရည်တွေ ကျ–ကျ–ကျနေတာကိုးကွ"

ဩော်... ကိုဖိုးရိပ်နှယ် သူများမျက်ရည်ကျမှ သူက ပျော်သကိုး။

"တ–တ–တ–တကကတဲကွာ။ လင်မယားအိပ်နေတာကို မ–မ–မီးခွက်ကြီးမြှောက်ပြီး အမလေး... အမလေး အဟွတ်ဟွတ်ဟွတ်။ ရီ–ရီ–ရီချင်လိုက်တာကွာ။ တ–တ–ကတဲ ပြောရင်းဆိုရင်းတောင်မှ... ဟား...ဟား...ဟား။ ဒ–ဒ–ဒ–ဒီအထဲမှာ ဟင်း၊ ဟင်း၊ ဟင်း၊ ဆိုတာက စ–စ–စ–စိန်နှစ် သက်ပြင်းကြီး ချ–ချ–ချတာကိုးကွ"

မစိန်နှစ်၏မျက်လုံးများမှာ အရောင်တောက်လျက်ပင် ရှိပေဦးမည်။ သို့သော်... ဘာရောင် တောက်နေမည်ကို ကျွန်တော် မမှန်းဆတတ်ပါ။ ဟင်းခနဲ–ဟင်းခနဲ သက်ပြင်းချလိုက်ပုံ င–င–င–ငါးဖောင်ရိုးခြောက်လို တပိန်ပိန်တလိမ်လိမ်နေပုံ၊ ညတိုင်းညတိုင်း မ–မ–မ–မီးခွက်ကြီးကို မြှောက်မြှောက်ပြီး ဒုက္ခခံရပုံ၊ ဒါတွေကို ထောက်ကြည့်ရလျှင် ဧကန္တ မစိန်နှစ်၏ မျက်လုံးများသည် အရောင်တောက်ရပေမည်ဒီဋ္ဌ။ သို့သော်... ဘာရောင်တောက်နေပါသနည်း။ ထိုတောက်နေသော အရောင်သည်ပင်လျှင် ကိုရာပျို့အား စေခိုင်း၍ နေပါသေးသလော။

ကိုဖိုးရိပ်၏ အူတက်မတတ် ရယ်သံမှာ ကျွန်တော် ဖြေရှင်းနေသော ပြဿနာကိုပို၍ ရှုပ်ထွေးစေလေသောကြောင့် မစိန်နှစ်၏အူသည် ရှည်သလော၊ တိုသလောဟူသော ပုစ္ဆာကို ယနေ့ထက်တိုင် ဝိသဇ္ဇန မပြုနိုင်သေးပါ။

❖

အတွဲ–၂၊ အမှတ်–၁၅၊ ၁၉၄၈၊ ဩဂုတ်၊ ရှုမဝ မဂ္ဂဇင်း

BURMESE CLASSIC .com

www.burmeseclassic.com